Washington
Apple Health

# Apple Health Expansion

## မကြာခဏအမေးများသော မေးခွန်းများ

အောက်ဖော်ပြပါ မကြာခဏအမေးများသော မေးခွန်းများ (FAQ) သည် Apple Health Expansion အသုံးပြုသူဖြစ်လာနိုင်သည့် ပုဂ္ဂိုလ်များ နှင့် ၎င်းတို့အား ကူညီထောက်ပံ့ပေးသူများ တို့အတွက် အချက်အလက်များ ထောက်ပံ့ပေးပါသည်။ အချက်အလက်များ နောက်ထပ်ပိုမိုလေ့လာရန် အတွက် **Apple Health Expansion ဝက်ဘ်စာမျက်နှာ** အား ကြည့်ရှုပါ။

## Apple Health Expansion ဆိုသည်မှာ အဘယ်နည်း။

ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အာဏာပိုင် (HCA) သည် အရွယ်ရောက်လူကြီးများအတွက် ၎င်းတို့၏ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ရွှေ့ပြောင်းနေထိုင်သူ အခြေအနေများ မည်သို့ပင်ဖြစ်ပါစေ Apple Health အတွက် အရည်အချင်းပြည့်မီနိုင်စွမ်းအား တိုးချဲ့ပေးခဲ့သည်။ ဤအသစ်သော ပရိုဂရမ်အစီအစဥ်အား Apple Health Expansion ဟု ခေါ်ဆိုပြီး၊ ၎င်းအား ဇူလိုင်လ 1 ရက်၊ 2024 တွင် စတင်ခဲ့သည်။ Apple Health Expansion သည် အခြားသော Apple Health အစီအစဥ်များတွင် အရည်အချင်းပြည့်မီခြင်းမရှိသည့် အသက် 19 နှစ်နှင့်အထက် အရွယ်ရောက်လူကြီးများအတွက် အာမခံအကျုံးဝင်လွှမ်းခြုံမှုအား ထောက်ပံ့ပေးသွားမည် ဖြစ်သည်။ ဥပဒေပြုလွှတ်တော်မှပင် ညွှန်ကြားထားသည့် ဤအသစ်သော အစီအစဥ်သည် Apple Health (Medicaid) စီမံခန့်ခွဲသော စောင့်ရှောက်မှုအတွင်း စာရင်းသွင်းထားသူများ ထံသို့ ထောက်ပံ့ပေးထားသည့် ဝန်ဆောင်မှုများအတိုင်း တူညီထင်ဟပ်မှုရှိစေရန် ဒီဇိုင်းရေးဆွဲထားခြင်း ဖြစ်သည်။

## စာရင်းသွင်းမှု နှင့် အရည်အချင်းပြည့်မီမှု

### မည်သူသည် အရည်အချင်းပြည့်မီသနည်း။

အကယ်၍ သင့်တွင် အောက်ဖော်ပြပါ အခြေအနေများ ရှိလျှင် သင်သည် အရည်အချင်းပြည့်မီနိုင်ပါသည် –

- အသက် 19 နှစ် သို့မဟုတ် အထက် ဖြစ်ပြီး၊ Washington တွင် နေထိုင်သူဖြစ်လျှင်၊
- ဖယ်ဒရယ် ဆင်းရဲချို့တဲ့မှုအဆင့်၏ 138% အထိ ရရှိနိုင်သော ဝင်ငွေရှိသူဖြစ်လျှင်၊
- လူဝင်မှုကြီးကြပ်ရေး အခြေအနေများကြောင့်ဌာ အခြားသော Apple Health အစီအစဥ်များတွင် အရည်အချင်းပြည့်မီခြင်း မရှိလျှင်၊
    - အကယ်၍ သင်သည် Apple Health အတွက် အရည်အချင်းပြည့်မီရန် သတ်မှတ်ထားသော ငါးနှစ်တာစောင့်ဆိုင်းကာလဖြင့် ပြည့်မီခြင်းမရှိသူည့် ရွှေ့ပြောင်းအခြေချနေထိုင်သူတစ်ဦး ဖြစ်လျှင်မူ သင်သည် Apple Health Expansion အတွက် အရည်အချင်းပြည့်မီမည် မဟုတ်ပေ။ အကြောင်းမှာ သင်သည် *Washington Healthplanfinder* မှတစ်ဆင့် အခွန်ခရစ်ဒစ်များအတွက် အရည်အချင်းပြည့်မီနိုင်သော ရွှေ့ပြောင်းနေထိုင်သူဆိုင်ရာ လူဝင်မှုကြီးကြပ်ရေးအခြေအနေ သင့်တွင် ရှိနေသောကြောင့် ဖြစ်သည်။ စာရွက်စာတမ်း အထောက်အထား မရှိသူများသည် ဤအာမခံ အကျုံးဝင် လွှမ်းခြုံမှု အတွက် အရည်အချင်းပြည့်မီပါသည်။
- ကိုယ်ဝန်ဆောင်ထားရခြင်း မရှိလျှင် သို့မဟုတ် လွန်ခဲ့သော 12 လအတွင်း ကိုယ်ဝန်ဆောင်ဖူးခြင်း မရှိလျှင်၊ ထို့ပြင်
- ကြိုတင် ပရီမီယံအခွန်ခရစ်ဒစ် (APTC) ပါရှိသည့် အရည်အချင်းပြည့်မီသော ကျန်းမာရေးအစီအစဥ် (QHP) များ သို့မဟုတ် ဖယ်ဒရယ်မှ ရန်ပုံငွေထောက်ပံ့သည့် ဆေးဘက်ဆိုင်ရာ ပံ့ပိုးထောက်ပံ့မှု ပရိုဂရမ်အစီအစဥ်များတွင် အရည်အချင်းပြည့်မီခြင်း မရှိလျှင်။

အခြားသော Apple Health အစီအစဥ်များတွင် အရည်အချင်းပြည့်မီမှုနှင့်ပတ်သက်သည့် အကြောင်းအရာများအား **hca.wa.gov/apple-health-eligibility** တွင် ကြည့်ရှုပါ။

### စာရင်းသွင်းမှု ကန့်သတ်ဦးရေ ပြည့်သွားသည့် ယခုအချိန်၌ အာမခံအကျုံးဝင်လွှမ်းခြုံမှုအား ကျွန်ုပ် လျှောက်ထားခဲ့လျှင် မည်သို့ဖြစ်မည်နည်း။

သင်သည် အကျုံးဝင်လွှမ်းခြုံမှုအား လျှောက်ထားခဲ့ပြီး၊ ကန့်သတ်ဦးရေ ပြည့်သွားသည့်အတွက်ကြောင့် ငြင်းဆန်ခံခဲ့ရလျှင် နောက်ထပ်အဆင့်များ ဆက်လက်ဆောင်ရွက်ဖို့ မလိုပေ။ အစီအစဥ်၌ လစ်လပ်နေရာ ရှိလာသည့်အခါ၌ ကျပန်းရွေးချယ် စာရင်းသွင်းခံရခွင့် ရရှိနိုင်ပါသည်။ စာရင်းသွင်းမှုအတွက် သင် ရွေးချယ်ခံရခဲ့လျှင် သင်သည် သင်နှစ်သက်ရာ ဆက်သွယ်မှုပုံစံ (အီးမေးလ် သို့မဟုတ် စာတိုက်) မှတစ်ဆင့် အကြောင်းကြားမှုအား လက်ခံရရှိမည် ဖြစ်သည်။

သင် လျှောက်ထားရခြင်း မရှိသေးပါက လစ်လပ်နေရာရှိလာသည့်အခါ၌ ထည့်သွင်းစဥ်စားခံရရန် နှင့် အခြားသော အာမခံအကျုံးဝင်လွှမ်းခြုံမှု ရွေးချယ်စရာများအကြောင်း လေ့လာနိုင်ရန်ဌာ Apple Health Expansion အတွက် သင့်လျှောက်လွှာအား ယခုပင် တင်သွင်းလိုက်ပါ။

Updated 8/13/2024

## Apple Health Expansion အား ကျွန်ုပ် မည်သို့ လျှောက်ထားရမည်နည်း

အာမခံအကျုံးဝင်လွှမ်းခြုံမှုအား လျှောက်ထားရန် သို့မဟုတ် သက်တမ်းတိုးရန် ရွေးချယ်စရာနည်းလမ်းများစွာ ရှိပြီး၊ ၎င်းအတွက် ပံ့ပိုးကူညီမှုအား ဘာသာစကား အမျိုးပေါင်း 200 ကျော်ဖြင့် ရရှိနိုင်ပါသည်။

အကယ်၍ သင်သည် အသက် **19 နှစ်မှ 64 နှစ်အတွင်း ဖြစ်လျှင် –**

- **အွန်လိုင်း –** *Washington Healthplanfinder* သို့ သွားရောက်ပါ။ "Apply Now (ယခုပင် လျှောက်ထားရန်)" ခလုတ်အား ရွေးချယ်ပါ။
- **မိုဘိုင်းအက်ပ် –** WAPlanfinder အက်ပ် အား ဒေါင်းလုဒ်ဆွဲပါ။ “Sign In (စာရင်းသွင်းဝင်ရောက်ရန်)” သို့မဟုတ် “Create an Account (အကောင့်တစ်ခု ဖန်တီးရန်)” အား ရွေးချယ်ပါ။
- **ဖုန်း –** *Washington Healthplanfinder* ၏ သုံးစွဲသူပံ့ပိုးထောက်ပံ့မှုစင်တာထံ 1-855-923-4633 သို့ ခေါ်ဆိုပါ။
- **စာရွက်စာတမ်းဖြင့် –** ကျန်းမာရေးစောင့်ရှောက်မှု အာမခံအတွက် လျှောက်လွှာ (18-001P) တစ်စောင်အား တင်သွင်းပါ။
- **လူကိုယ်တိုင် –** ကျန်းမာရေးအာမခံ လျှောက်ထားရန် အကူအညီပေးနိုင်ပြီး၊ အပိုဆောင်း စရိတ်စကများကျသင့်ခြင်းမရှိသော ဒေသခံ အရင်းအမြစ်များ။
    - ဒေသခံ စာရင်းသွင်းမှုဆိုင်ရာ ပံ့ပိုးကူညီထောက်ပံ့မှု

*Washington Healthplanfinder* အတွင်းမှ သင့် အထောက်အထားအား အတည်ပြုရန်အတွက် စာရွက်စာတမ်းများ သင် ထောက်ပံ့ပေးရနိုင်ပါသည်။ သင့် အထောက်အထားအား အတည်ပြုရန်၌ သင် အသုံးပြုနိုင်မည့် **လက်သင့်ခံပေးနိုင်သော စာရွက်စာတမ်းများ** စာရင်းအား ကြည့်ရှုပါ။ လမ်းညွှန်ပေးသူများမှာမူ *Washington Healthplanfinder* အတွင်းသို့ စာရွက်စာတမ်းများ သင် တင်သွင်းဖို့ရန် မလိုဘဲ သင့်အထောက်အထားအား အတည်ပြုပေးနိုင်ပါသည်။

အကယ်၍ သင်သည် အသက် **65 နှစ် သို့မဟုတ် အထက် ဖြစ်လျှင် –**

- **အွန်လိုင်း –** *Washington Connection* သို့ သွားရောက်ပါ။ "Apply Now (ယခုပင် လျှောက်ထားရန်)" အား ရွေးချယ်ပါ။
- **စာရွက်စာတမ်းဖြင့် –** သက်ကြီးသူများ၊ မျက်မမြင်များ၊ မသန်စွမ်းသူများ/ရေရှည် စောင့်ရှောက်မှုဆိုင်ရာ အာမခံ လျှောက်လွှာ (HCA 18-005) တစ်စောင်အား တင်သွင်းပါ။
- **ဖုန်း –** 1-877-501-2233 သို့ ဖုန်းခေါ်ဆို၍ လျှောက်လွှာတစ်စောင်အား တောင်းဆိုပါ။
- **လူကိုယ်တိုင် –** သင်၏ ဒေသခံ လူမှုရေး နှင့် ကျန်းမာရေး ဝန်ဆောင်မှုများဆိုင်ရာဌာန (DSHS) ရုံးခန်း သို့ သွားရောက်ပါ။

အကယ်၍ သင့်အား လက်ခံခဲ့လျှင် သင်သည် နှစ်ပတ်အတွင်း ProviderOne ဝန်ဆောင်မှုများကတ်အား လက်ခံရရှိပေမည်။ လျှောက်လွှာ တင်သွင်းခဲ့သော လ၏ ပထမဆုံးနေ့တွင် အာမခံအကျုံးဝင်လွှမ်းခြုံမှု စတင်မည် ဖြစ်သည်။ သင့်အနေနှင့် ကျန်းမာရေးအစီအစဉ်တစ်ခုအား အွန်လိုင်းပေါ်၌ ရွေးချယ်နိုင်ပေမည်၊ သို့မဟုတ် သင့်အား အစီအစဉ်တစ်ခု အတွင်းသို့ အလိုအလျောက် ထည့်သွင်းပေးမည် ဖြစ်သည်။

အကယ်၍ သင်သည် သင်၏ လျှောက်လွှာအား စတင်ထားပြီးဖြစ်သော်လည်း ၎င်းသည် ပြီးပြည့်စုံမှု ရှိ၊မရှိ မသေချာပါက သင့် လျှောက်လွှာ အခြေအနေအား စစ်ဆေးရန်အတွက် သင့်အကောင့်ထဲသို့ လော့ဂ်အင်ဝင်ရောက်ရန် သို့မဟုတ် အထက်ဖော်ပြပါ သုံးစွဲသူ ဝန်ဆောင်မှု အဖွဲ့များထဲမှ တစ်ခုခုသို့ ဆက်သွယ်ဖို့ရန် သင့်အား တိုက်တွန်းအပ်ပါသည်။

**မှတ်ချက် –** လျှောက်လွှာတစ်စောင်သာ တင်သွင်းဖို့ရန် လိုအပ်ပါသည်။ တစ်စုံတစ်ဦးသည် Apple Health Expansion အား လျှောက်ထားခဲ့ပြီး၊ စာရင်းသွင်းမှုကန့်သတ်ချက် ပြည့်သွားခဲ့သောကြောင့် ငြင်းဆန်ခံခဲ့ရလျှင် နောက်ထပ်အရာများ ဆက်လက် ဆောင်ရွက်ဖို့ မလိုပေ။

## Apple Health Expansion အား လျှောက်ထားရန်အတွက် အထောက်အထားကတ် (ID) လိုအပ်ပါမည်လား။

မလိုအပ်ပါ၊ လျှောက်ထားရန်အတွက် ID တင်သွင်းဖို့ မလိုပါ။ သို့သော်လည်း ID ထောက်ပံ့ပေးခဲ့လျှင်မူ လျှောက်လွှာစနစ်များအတွင်း သင့် အထောက်အထားအား အတည်ပြုဖို့ရန် ပိုမိုလွယ်ကူပေမည်။

## Apple Health Expansion အတွင်း လူပေါင်း မည်မျှ စာရင်းသွင်းနိုင်မည်နည်း။

HCA အနေနှင့် Apple Health Expansion အတွင်း လူပေါင်း 13,000 အထိ စာရင်းသွင်းမည် ဖြစ်သည်။ သို့သော် HCA အနေနှင့် အစီအစဉ် အတွက် ဘက်ဂျက်ငွေလျာထားချက် အတွင်း ရှိကြောင်းသေချာစေဖို့ ဆောင်ရွက်ရန်၌ ဤအရေအတွက်များ အပြောင်းအလဲ ရှိနိုင်ပါသည်။

လျှောက်ထားရန် စိတ်ပါဝင်စားသူများအား **အီးမေးလ် နောက်ဆုံးရအချက်အလက်များအတွက် စာရင်းသွင်းရန်** နှင့် **စာရင်းသွင်းမှုဆိုင်ရာ ထုတ်ပြန်ချက်** နောက်ဆုံးရ အချက်အလက်များအား ပုံမှန်ကြည့်ရှုဖို့ရန် ကျွန်ုပ်တို့ တိုက်တွန်းအပ်ပါသည်။ ဤအစီအစဉ်သည် သင်နှင့် သင့် မိသားစုအတွက် မည်သို့ သဘောပုံဆောင်ကြောင်း၊ ထို့ပြင် နောက်လာမည့် လများတွင် မည်သည့်အရာများအား သင် မျှော်လင့်ထားသင့်ကြောင်း အစရှိသည့် မေးခွန်းများအတွက် **Apple Health Expansion အင်းဘောက်စ်** သို့ သင် စာပို့နိုင်ပါသည်။

## ကိုယ်ဝန်ဆောင်များသည် Apple Health Expansion အတွက် အရည်အချင်းပြည့်မီပါသလား။

အကယ်၍ သင်သည် Apple Health Expansion အား လျှောက်ထားပြီး၊ သင် ကိုယ်ဝန်ဆောင်ထားရကြောင်း ဖော်ပြလာခဲ့လျှင် သင့်အနေနှင့် သင်၏ လက်ရှိ အာမခံအကျုံးဝင်လွှမ်းခြုံမှုအား ဆက်လက် ထိန်းသိမ်းထားရန် ရွေးချယ်နိုင်ပေမည်၊ သို့မဟုတ် ကိုယ်ဝန်ဆောင်များအတွက် Apple Health (Apple Health for Pregnant Individuals) သို့ သင် ပြောင်းရွှေ့နိုင်ပေမည်။ ၎င်းအစီအစဉ်သည် Apple Health ဝင်ငွေ စံသတ်မှတ်ချက်များတွင် သို့မဟုတ် ၎င်းအောက် ဝင်ငွေရရှိသော ကိုယ်ဝန်ဆောင်များအတွက် အာမခံအကျုံးဝင်လွှမ်းခြုံမှုအား ထောက်ပံ့ပေးသည်။

ကိုယ်ဝန်ဆောင်ပြီးနောက်ပိုင်း အာမခံအကျုံးဝင်လွှမ်းခြုံမှု (After-Pregnancy Coverage ၊ APC) သည် ကိုယ်ဝန်ဆောင် အဆုံးသတ်ချိန်မှစ၍ 12 လကြာအထိ အကျုံးဝင်လွှမ်းခြုံပေးသည်။ နိုင်ငံသားဖြစ်မှု သို့မဟုတ် လူဝင်မှုကြီးကြပ်ရေး အခြေအနေ အစရှိသည်တို့ မည်သို့ပင်ဖြစ်စေကာမူ ဤအစီအစဉ်များအား ရရှိနိုင်ပါသည်။ နောက်ထပ်အချက်အလက်များအား **hca.wa.gov/apple-health-pregnant-individuals** တွင် လေ့လာပါ။

**Apple Health Expansion သည် တရားဝင်ရှိနေသည့် ဒုက္ခသည်ခိုလှုံသူများအား အကျုံးဝင်လွှမ်းခြုံပေးပါသလား။**

အကယ်၍ သင်သည် ဒုက္ခသည်ခိုလှုံသူတစ်ဦးဖြစ်လျှင် ငါးနှစ်တာသတ်မှတ်ကာလမှ ကင်းလွတ်ခွင့် ရရှိသည်ဖြစ်ရာ အခြားသော Apple Health အစီအစဉ်များအတွက် အရည်အချင်းပြည့်မီနိုင်ပါသည်။ သို့ဖြစ်ရာ သင်သည် Apple Health Expansion အတွက် အရည်အချင်းပြည့်မီတော့မည် မဟုတ်ပေ။

**ကလေးဘဝကတည်းက ရောက်ရှိသူများအတွက် ယာယီရွှေ့ဆိုင်းမှု ဆောင်ရွက်ချက် (DACA) အခြေအနေ ကျွန်ုပ်တွင် ရှိထားပါသည်။ ကျွန်ုပ်သည် Apple Health Expansion အတွက် အရည်အချင်းပြည့်မီပါမည်လား။**

ပြည့်မီပါသည်၊ သင်သည် အရည်အချင်းပြည့်မီမှုဆိုင်ရာ စံသတ်မှတ်ချက်များ အားလုံးဖြင့် ပြည့်မီကိုက်ညီမှုရှိလျှင် DACA အခြေအနေဖြင့် Apple Health Expansion အား လျှောက်ထား၊ ရရှိနိုင်ပါသည်။

**နိုဝင်ဘာ 1 ရက်၊ 2024 ၏ DACA စည်းမျဉ်းလမ်းညွှန်ချက်သည် Apple Health Expansion အပေါ် မည်သို့ သက်ရောက်မှု ရှိပါသနည်း။**

စည်းမျဉ်းသစ်အရ နိုဝင်ဘာလ 1 ရက်၊ 2024 မှ စတင်ပြီး DACA လက်ခံရရှိထားသူများအား တရားဝင် နေထိုင်သူများအဖြစ် သတ်မှတ်မည်ဖြစ်ရာ ၎င်းတို့သည် *Washington Healthplanfinder* မှတစ်ဆင့် QHP တစ်ခုအား လျှောက်ထားရန် ဖယ်ဒရယ် ထောက်ပံ့ကြေးများအတွက် အရည်အချင်းပြည့်မီလာမည် ဖြစ်သည်။ အကောင်အထည်ဖော်ဆောင်ရွက်မှု၏ တစ်စိတ်တစ်ပိုင်းအရ Apple Health Expansion အတွက် အရည်အချင်းပြည့်မီသော DACA လက်ခံရရှိထားသူများသည် Apple Health Expansion မှ ထောက်ပံ့ကြေးရရှိထားသည့် QHP အာမခံအကျုံးဝင်လွှမ်းခြုံမှုတစ်ခုသို့ ကူးပြောင်းရမည် ဖြစ်သည်။

- **မှတ်ချက် –** ဖယ်ဒရယ် ဥပဒေအတည်ပြုမှု နှင့်/သို့မဟုတ် ပြည်နယ် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ဇယားများသည် အမှန်တကယ် အကောင်အထည် ဖော်ဆောင်ရွက်မှု ရက်စွဲအတိအကျအပေါ် သက်ရောက်မှု ရှိနိုင်ပါသည်။

အကော်အထည်ဖော်ဆောင်ရွက်ချိန်၌ DACA လက်ခံရရှိထားသူများအား နိုင်ငံသား (N) နှင့် တရားဝင်နေထိုင်သူ (Y) အဖြစ် ပြသနိုင်ပါသည်။

- ထို့နောက်တွင်မူ အမှုသည်များအား *Washington Healthplanfinder* မှတစ်ဆင့် သက်ဆိုင်ရာ QHP များ၊ ဖယ်ဒရယ် နှင့် ပြည်နယ် ထောက်ပံ့မှုများအတွက် စစ်ဆေးစီစစ်သွားမည် ဖြစ်သည်။

DACA လက်ခံရရှိထားသူများသည် *Washington Healthplanfinder* မှတစ်ဆင့် လျှောက်လွှာတစ်စောင်အား တင်သွင်းခြင်းအားဖြင့် အာမခံအကျုံးဝင်လွှမ်းခြုံမှုအား လျှောက်ထားနိုင်ဆဲ ဖြစ်သည်။ DACA လက်ခံရရှိထားသူများသည် နိုဝင်ဘာလ 2024 မတိုင်မီ နောက်ထပ်သော သတင်းအချက်အလက်များအား လက်ခံရရှိမည် ဖြစ်သည်။

**အကယ်၍ ကျွန်ုပ်သည် Apple Health Expansion အတွက် အရည်အချင်းပြည့်မီခြင်း မရှိလျှင် ရွှေ့ပြောင်းအခြေချနေထိုင်သူတစ်ဦး ဖြစ်သည့် ကျွန်ုပ်အတွက် အခြား မည်သည့် ရွေးချယ်စရာများ ရရှိနိုင်သနည်း။**

အကယ်၍ သင်သည် Apple Health Expansion အတွက် အရည်အချင်းပြည့်မီခြင်း မရှိသည့် ရွှေ့ပြောင်းအခြေချနေထိုင်သူ သို့မဟုတ် လျှောက်ထားသော်လည်း အစီအစဉ်အတွင်း နေရာလွတ် မကျန်ရှိတော့သည့်အတွက်ကြောင့် မရရှိခဲ့သော ရွှေ့ပြောင်းအခြေချနေထိုင်သူ ဖြစ်လျှင် သင့်တွင် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အခြား ရွေးချယ်စရာများ ရှိပါသည်။ ရွှေ့ပြောင်းအခြေချနေထိုင်သူများသည် *Washington Healthplanfinder* မှတစ်ဆင့် ရရှိနိုင်သည့် အရည်အချင်းပြည့်မီသော ကျန်းမာရေးနှင့် သွားဘက်ဆိုင်ရာ အစီအစဉ်များ (QHP/QDP) ဟု ခေါ်ဆိုသည့် အခြားသော ကျန်းမာရေး အာမခံ ရွေးချယ်စရာများအား လျှောက်ထားနိုင်ပါသည်။ Washington Health Benefit Exchange သည် ဖယ်ဒရယ် အသိအမှတ်ပြုထားသည့် လူဝင်မှုကြီးကြပ်ရေး အခြေအနေ မရှိသူများအား *Washington Healthplanfinder* မှတစ်ဆင့် QHP များ ဝယ်ယူနိုင်စေရန်တွာ **ဖယ်ဒရယ် လျှော့ပေါ့သက်သာခွင့် (1332 လျှော့ပေါ့သက်သာခွင့်)**အား ရရှိစေသည်။

ငါးနှစ်တာကန့်သတ်ချက် ပြည့်မီခြင်းမရှိသေးသူများအပါအဝင် ရွှေ့ပြောင်းအခြေချနေထိုင်သူများအတွက် အခြားသော ကျန်းမာရေးစောင့်ရှောက်မှု ဆိုင်ရာ အာမခံအကျုံးဝင် လွှမ်းခြုံမှုအား သင် ထည့်သွင်းစဉ်းစားနိုင်ပါသည်။ ရရှိနိုင်သော အာမခံအကျုံးဝင်မှု ရွေးချယ်စရာများမှာ –

*Washington Healthplanfinder* မှတစ်ဆင့် ရရှိနိုင်သည့် QHP များ နှင့် QDP များ

- စိတ်ပါဝင်စားသူများအနေနှင့် ***Washington Healthplanfinder*** မှတစ်ဆင့် လျှောက်ထားနိုင်ပါသည်။

အခြားသော Apple Health အစီအစဉ်များ

- Apple Health for Kids (ကလေးများအတွက် Apple Health)
- Apple Health for pregnant individuals (ကိုယ်ဝန်ဆောင်များအတွက် Apple Health)
- Emergency Medical (AEM) (အရေးပေါ် ဆေးဘက်ဆိုင်ရာ)
- Medical Care Services (MCS) (ဆေးဘက်ဆိုင်ရာ စောင့်ရှောက်မှု ဝန်ဆောင်မှုများ)
- Family Planning Only (မိသားစု စီမံကိန်းရေးဆွဲခြင်းသာလျှင်)

**Apple Health Expansion အား လျှောက်ထားသည့်အခါ၌ ကျွန်ုပ်၏ ဝင်ငွေ သက်သေအထောက်အထားများအား ပြသရပါမည်လား။**

Apple Health Expansion အား လျှောက်ထားချိန်၌ သင်၏ ဝင်ငွေ သက်သေအထောက်အထားအား ပေးအပ်ဖို့ မလိုအပ်ပေ။ စာရင်းသွင်းပြီး သည့်နောက်မှသာ ဝင်ငွေ သက်သေအထောက်အထားအား ပြသဖို့ တောင်းဆိုသည့် စာတစ်စောင်အား သင် လက်ခံရရှိပေမည်။ ဤစာထဲတွင် မည်သည့် စာရွက်စာတမ်း အမျိုးအစားအား သင် ထောက်ပံ့ပေးရမည်ဖြစ်သည်ကို ဖော်ပြထားပေမည်။ နောက်ထပ်သော အချက်အလက်များ ထောက်ပံ့ပေးဖို့ တောင်းဆိုသည့် စာတစ်စောင်အား သင် လက်ခံရရှိခဲ့လျှင် သင့် အကျုံးဝင်လွှမ်းခြုံမှု ပိတ်သိမ်းခြင်း မခံရစေရန်တွာ ၎င်းအား တုံ့ပြန်ဆောင်ရွက်ပေးဖို့ လိုအပ်ပေမည်။

**ကျွန်ုပ်၏ ဝင်ငွေအား အတည်ပြုပေးရန် တောင်းဆိုချက်တစ်ခုအား ကျွန်ုပ် လက်ခံရရှိခဲ့ပြီး၊ ကျွန်ုပ်သည် လူများစွာရှိသော အိမ်ထောင်စုတစ်စု အတွင်း နေထိုင်ပါသည်။ မည်သူ၏ ဝင်ငွေအား ကျွန်ုပ် တင်သွင်းသင့်သနည်း။**

အသက် 65 နှစ် နှင့်အထက် ရှိသူများအတွက် –

- အရည်အချင်းပြည့်မီမှုသည် သက်ဆိုင်သူ သို့မဟုတ် ၎င်းပုဂ္ဂိုလ်၏ အိမ်ထောင်ဖက် ရရှိသော (သို့) ရှာဖွေသော ဝင်ငွေပေါ်တွင် အခြေခံမည် ဖြစ်သည်။ ၎င်း၏ အခွန်လျှော့ကျောက်ထားမှုအခြေအနေသည် အသက် 65 နှစ်နှင့်အထက်ရှိသူ ၎င်းအား အရည်အချင်းပြည့်မီစေနိုင်သော အကြောင်းရင်း မဟုတ်ပေ။

အသက် 19-64 နှစ်အတွင်း ရှိသူများအတွက် –

- အရည်အချင်းပြည့်မီမှုသည် အခွန်လျှော့ကျောက်လွှာ လျှောက်ထားရန် လုံလောက်သော ဝင်ငွေ ရှိသည့် အရွယ်ရောက်ပြီးသူများ နှင့် အသက်မပြည့်သေးသူများ အားလုံး၏ ဝင်ငွေဆိုင်ရာ အချက်အလက်များအပေါ်တွင် အခြေခံပေသည်။

**မည်သည့်အတွက်ကြောင့် Apple Health Expansion အသုံးပြုသူများသည် စီမံခန့်ခွဲသော စောင့်ရှောက်မှုအတွင်း စာရင်းသွင်းနိုင်ပြီး၊ အခြားသော ပြည်နယ်ရန်ပုံငွေထောက်ပံ့သော Apple Health အစီအစဉ် အသုံးပြုသူများမှာမူ ထိုသို့ဆောင်ရွက်နိုင်ခြင်း မရှိသနည်း။**

အစီအစဉ် ဖွဲ့စည်းတည်ဆောက်မှုပုံစံသည် လူဦးရေထု နှင့် ရန်ပုံငွေထောက်ပံ့မှု အရင်းအမြစ်ပေါ်တွင် မူတည်ပြီး ကွဲပြားခြားနားမှု ရှိပေသည်။

**မည်သည့် Apple Health အစီအစဉ်များအား ကျွန်ုပ် ရွေးချယ်နိုင်သနည်း။**

အကယ်၍ သင်သည် Apple Health Expansion တွင် စာရင်းသွင်းထားလျှင် အောက်ပါ ကျန်းမာရေး အစီအစဉ်များထဲမှ တစ်ခုအား သင် ရွေးချယ်နိုင်ပါသည် –

- Community Health Plan of Washington (ရပ်ရွာအဖွဲ့အစည်း ကျန်းမာရေးအစီအစဉ်)
- Coordinated Care (စုပေါင်းစီမံ စောင့်ရှောက်မှု)
- Molina Healthcare (ကျန်းမာရေးစောင့်ရှောက်မှု)
- UnitedHealthcare Community Plan (ရပ်ရွာအဖွဲ့အစည်း အစီအစဉ်)

သင့် ကောင်တီအတွင်း မည်သည့် ကျန်းမာရေးအစီအစဉ်များအား ကမ်းလှမ်းထောက်ပံ့ပေးထားကြောင်း သိရှိနိုင်ရန် **Apple Health Expansion ဝန်ဆောင်မှု ဧရိယာမြေပုံ** အား ကြည့်ရှုပါ။

အကယ်၍ အသုံးပြုသူမှ ရွေးချယ်ခြင်း မပြုလျှင် ၎င်း၏ ကောင်တီအတွင်း ရရှိနိုင်သည့် ကျန်းမာရေးအစီအစဉ်တစ်ခုအတွင်း ၎င်းအား အလိုအလျောက် ထည့်သွင်းမည် ဖြစ်သည်။

**Apple Health Expansion အတွက် ထောက်ခံခွင့်ပြုချက် ရရှိပြီးသည့်နောက် ကျွန်ုပ်၏ အာမခံအကျုံးဝင်လွှမ်းခြုံမှုသည် မည်သည့်အချိန်၌ စတင်မည်နည်း။**

အာမခံအကျုံးဝင်လွှမ်းခြုံမှုအား သင် လျှောက်ထားသော လ၏ ပထမဆုံးရက်တွင် သင် စာရင်းသွင်းခြင်း ခံရမည် ဖြစ်သည်။

**အကယ်၍ ကျွန်ုပ်သည် Apple Health Expansion ၌ စာရင်းသွင်းထားပြီးနောက် ကိုယ်ဝန်ရှိလာခဲ့လျှင် မည်သို့ ဖြစ်လာမည်နည်း။**

ကိုယ်ဝန်ဆောင်ထားရခြင်း အပါအဝင် အပြောင်းအလဲများ ရှိခဲ့လျှင် ရက် 30 အတွင်း အစီရင်ခံတင်ပြပါ။ ဤသို့အားဖြင့် သင့်အတွက် အသင့်တော်ဆုံး အစီအစဉ် အတွင်း သင် စာရင်းသွင်းနိုင်စေရန် အထောက်အကူပြုပေးနိုင်မည် ဖြစ်သည်။ အကယ်၍ သင်သည် Apple Health Expansion တွင် စာရင်းသွင်းထားပြီး၊ ကိုယ်ဝန်ဆောင်ထားရခြင်းအား အစီရင်ခံတင်ပြလာခဲ့လျှင် သင့်အား Apple Health for Pregnant Individuals (ကိုယ်ဝန်ဆောင်များအတွက် Apple Health) သို့ လွှဲပြောင်းပေးမည် ဖြစ်သည်။ ဤအစီအစဉ်သည် Apple Health ဝင်ငွေ စံသတ်မှတ်ချက်တွင် သို့မဟုတ် ၎င်းစံသတ်မှတ်ချက်အောက် ဝင်ငွေရှိသော ကိုယ်ဝန်ဆောင်များအတွက် အာမခံအကျုံးဝင်လွှမ်းခြုံမှုအား ထောက်ပံ့ပေးသည်။

**သုံးစွဲသူများအား ၎င်းတို့၏ လက်ရှိအစီအစဉ်မှ Apple Health Expansion အစီအစဉ်သို့ မည်သို့ လွှဲပြောင်းမည်နည်း။**

AEM ၊ Apple Health for Pregnant Individuals (ကိုယ်ဝန်ဆောင်များအတွက် Apple Health) ၊ APC သို့မဟုတ် QHP အစီအစဉ်တစ်ခုမှ Apple Health Expansion အစီအစဉ်သို့ ကူးပြောင်းမည့် အသုံးပြုသူများသည် ကျန်းမာရေးအစီအစဉ်တစ်ခုအား ရွေးချယ်နိုင်ပေမည်။ အကယ်၍ အသုံးပြုသူမှ ရွေးချယ်ခြင်း မပြုလျှင်မူ ၎င်းတို့၏ ကောင်တီအတွင်း ရရှိနိုင်သော ကျန်းမာရေးအစီအစဉ်တစ်ခုသို့ ၎င်းတို့အား အလိုအလျောက် ထည့်သွင်းပေးမည် ဖြစ်သည်။

## သင်၏ အာမခံအကျုံးဝင်လွှမ်းခြုံမှုအား အသုံးပြုခြင်း

**Apple Health Expansion အာမခံအကျုံးဝင်လွှမ်းခြုံမှုတွင် စာရင်းသွင်းရန် သို့မဟုတ် ၎င်းအား အသုံးပြုရန် အသုံးပြုသူများ ငွေကြေးသုံးစွဲရပါသလား။**

မသုံးစွဲရပါ၊ Apple Health Expansion အာမခံအကျုံးဝင်လွှမ်းခြုံမှုသည် အခမဲ့ ဖြစ်သည်။ Apple Health Expansion မှ အကျုံးဝင် လွှမ်းခြုံပေးထားသော ဝန်ဆောင်မှုများအား ဝင်ရောက်ရယူသည့်အခါ၌ အိတ်ကပ်မှတိုက်ရိုက်ပေးချေရမှုစရိတ်များ သို့မဟုတ် အာမခံအပြင်ထပ်မံပေးချေရမှုများ ရှိမည် မဟုတ်ပေ။

**Apple Health Expansion တွင် မည်သည့် ဝန်ဆောင်မှုများအား အကျုံးဝင်လွှမ်းခြုံပေးထားသနည်း။**

Apple Health Expansion သည် ရုပ်ပိုင်းဆိုင်ရာ နှင့် စိတ်အမူအကျင့်ပိုင်းဆိုင်ရာ ကျန်းမာရေးဝန်ဆောင်မှုများ၊ သွားဘက်ဆိုင်ရာ၊ အရေးပေါ်မဟုတ်သော ဆေးဘက်ဆိုင်ရာ ပို့ဆောင်ရေး နှင့် စကားပြန် ဝန်ဆောင်မှုများအား အကျုံးဝင်လွှမ်းခြုံပေးထားပါသည်။ ရေရှည် ဝန်ဆောင်မှုများ နှင့် ပံ့ပိုးထောက်ပံ့မှုများအား Apple Health Expansion အောက်တွင် အကျုံးဝင်လွှမ်းခြုံပေးထားခြင်း မရှိပေ။

**Apple Health မှ အကျုံးဝင်လွှမ်းခြုံပေးထားသည့် ဝန်ဆောင်မှုများ** စာရင်းအပြည့်အစုံအား ကြည့်ရှုပါ။

### ကျွန်ုပ်၏ အချက်အလက်များအား ကာကွယ်ပေးပါမည်လား။

အသုံးပြုသူ၏ မည်သူမည်ဝါဖြစ်ကြောင်း အထောက်အထား နှင့် အချက်အလက်များအား ဆက်လက် လျှို့ဝှက်ထိန်းသိမ်းထားနိုင်ကြောင်း သေချာစေရန်အတွက်ငှာ Apple Health Expansion သည် လက်ရှိ ရှိနေသော Apple Health အစီအစဉ်၏ ဒေတာအချက်အလက်စောင့်ထိန်းမှု နှင့် ကာကွယ်ရေး စံချိန်စံညွှန်းများအား အသုံးပြုပါသည်။ နောက်ထပ်သော အချက်အလက်များအတွက် **ကိုယ်ရေးအချက်အလက် စောင့်ထိန်းမှု အလေ့အကျင့်များဆိုင်ရာ HCA ထုတ်ပြန်ချက်** အား ကြည့်ရှုပါ။

တရားရုံး အမိန့်ထုတ်ပြန်ချက် သို့မဟုတ် အခြားသော ဥပဒေရေးဆိုင်ရာ ပြဌာန်းချက်များ မရှိဘဲ HCA အနေနှင့် ၎င်းအမှုသည်၏ အချက်အလက်များအား အခြားသော လူဝင်မှုကြီးကြပ်ရေးနှင့် အကောက်ခွန်ထိန်းသိမ်းရေး (ICE) သို့မဟုတ် အခြား ဖယ်ဒရယ် အေဂျင်စီဌာန များအပါအဝင် မည်သည့် လူဝင်မှုကြီးကြပ်ရေး အေဂျင်စီထံသို့မျှ မျှဝေခြင်းပြုမည် မဟုတ်ပေ။ Apple Health Expansion အတွက် အရည်အချင်း ပြည့်မီမှုသည် အစိုးရအကူအညီရရှိခွင့် စီရင်ဆုံးဖြတ်မှုမှ ကင်းလွတ်ခွင့်ရရှိထားသည်။ **နောက်ထပ်လေ့လာရန် ထုတ်ပြန်ကြေငြာချက်** (**Español**) အား ကြည့်ရှုပါ။ သင့်တွင် မေးခွန်းများ ရှိလျှင်၊ သို့မှမဟုတ် Apple Health Expansion လျှောက်လွှာသည် သင်၏ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ အခြေအနေအပေါ်မည်သို့ သက်ရောက်မှုများရှိနိုင်ကြောင်း သို့မဟုတ် အမြဲတမ်းနေထိုင်သူ သို့မဟုတ် နိုင်ငံသားတစ်ဦး ဖြစ်လာရန် အခွင့်အရေး အပေါ် မည်သို့ သက်ရောက်မှုများ ရှိနိုင်ကြောင်း စိုးရိမ်ပူပန်မှုများ ရှိလျှင် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ အကျိုးဆောင်ရှေ့နေတစ်ဦးထံ ဆက်သွယ်ပါ။

## နောက်ထပ်သော အချက်အလက်များ

### Apple Health Expansion အကြောင်း နောက်ထပ်အချက်အလက်များအား မည်သည့်နေရာ၌ ကျွန်ုပ် လေ့လာနိုင်မည်နည်း။

- **Apple Health Expansion အသုံးပြုသူ လက်ကမ်းစာစောင်** (**ဘာသာစကား 15 မျိုး** ဖြင့် ရရှိနိုင်သည်)
    - အကျုံးဝင်လွှမ်းခြုံပေးထားသော ဝန်ဆောင်မှုများ၊ အရည်အချင်းပြည့်မီမှုဆိုင်ရာ အသေးစိတ်အချက်အလက်များ၊ နှင့် လျှောက်ထားရန်နေရာတို့နှင့်ပတ်သက်ပြီး သိရှိလိုပါက ဤလက်ကမ်းစာစောင်အား ကြည့်ရှုပါ။
- **အွန်လိုင်း –** **hca.wa.gov/apple-health-expansion**

အကယ်၍ Apple Health Expansion လျှောက်ထားလိုသူများအား သင် အကူအညီပေးလိုလျှင် သို့မဟုတ် ၎င်းအကြောင်း ကူညီ၍ သတင်း ဖြန့်ဝေပေးလိုလျှင် အောက်ပါ ဆက်သွယ်ရေး အတွဲကိရိယာအား သင် အသုံးပြုနိုင်ပါသည်။ ဤတွင် ပါဝင်သည်များမှာ –

- **Apple Health Expansion ဆက်သွယ်ဆောင်ရွက်မှုဆိုင်ရာ အတွဲကိရိယာ**
    - ပရိသတ်အမျိုးအစား၊ အသုံးပြုသူ ထုတ်ပြန်ချက်များ နှင့် အရင်းအမြစ်များ၊ တံဆိပ်အမှတ်များ နှင့် ဘာသာစကား လမ်းညွှန်ချက်များ၊ ထို့ပြင် **လူမှုမီဒီယာ အတွဲကိရိယာ** အစရှိသည်တို့အလိုက် အမျိုးအစားခွဲခြားထားသော အဓိကကျသည့် အမှာစကားများအား ရှာဖွေ၊ မျှဝေရန် ဤအတွဲကိရိယာအား အသုံးပြုပါ။
- သတင်းအချက်အလက်ဖြန့်ဝေပေးနိုင်သော ဝက်ဘ်ဆွေးနွေးပွဲများ
    - Apple Health Expansion ဝက်ဘ်ဆွေးနွေးပွဲများ နှင့် တင်ပြချက် ဆလိုဒ်များအား **hca.wa.gov/webinar** တွင် ရရှိနိုင်ပါသည်။
- နောက်ဆုံးရ သတင်းအချက်အလက်များ ရရှိနိုင်ရန် စာရင်းသွင်းထားပါ
    - အီးမေးလ်ဖြင့်ပေးပို့သော နောက်ဆုံးရ သတင်းအချက်အလက်များ ရရှိနိုင်ရန်ငှာ **Apple Health Expansion အီးမေးလ်နောက်ဆုံးရများအတွက် စာရင်းသွင်းထားနိုင်ပါသည်**။

### ရွှေ့ပြောင်းအခြေချနေထိုင်သူ ကျန်းမာရေး အာမခံအကျုံးဝင်လွှမ်းခြုံမှု QHP/QDP နှင့် ဆက်နွယ်သော မေးခွန်းများ

- QHP/QDP သို့မဟုတ် Cascade Care Savings အား မည်သို့ လျှောက်ထားရန်နှင့်ပတ်သက်ပြီး သင့်တွင် မေးခွန်းများရှိလျှင်
    - **ImmigrantCoverage@WAHBexchange.org** သို့ အီးမေးလ်ပေးပို့ပါ
    - **Washington Healthplanfinder ဝက်ဘ်စာမျက်နှာ** သို့ သွားရောက်ကြည့်ရှုပါ
        - **စပိန်ဘာသာဖြင့်** ဖြင့် ကြည့်ရှုရန်